# မျှော်လင့်ခြင်းဖြင့်...



H
t
u
t

" သူ ငယ် ချ င်း အ နေ နဲ့  ' ချ စ် တ ယ် ' လို့ ဘဲ ပြော ပြော

အ ရ မ်း ခ င် လို့  ' ချ စ် တ ယ် ' လို့ ဘဲ ပြော ပြော ၊

သူ့ဆီက 'ချစ်တယ်'ဆိုတဲ့ စကားကိုမျှော်လင့်နေဆဲပါဘဲ၊

ဒါ ပေ မ ယ့် လ ည်း  မျှော် လ င့် ရ င်း နဲ့ သာ . . . . . . "

# အခန်း(၁)

"ဟာ သားကြီး congratsကွာ"

"အေ ကျေးဇူးပဲကွ"

"မင်းတောင် လက်ထပ် ရတော့မှာ ကွာ မယုံနိုင်ဘူး ဖြစ်နေတယ်"

"ဟား ... ဟား ... မင်းတော့ ဟာသတွေ ပြောနေပြီကွာ"

"ဟား ... ဟား ... အေပါကွာ"

အဝတ်အစားလဲ့တဲ့ အခန်းမှာ အသံတွေ ဆူညံလို့ နေလေသည် ။

မင်းဇေယျာဖြိုး တစ်ယောက် အခန်းလေးရဲ့ တံခါးပေါက်ဝ နားက နေပြီး သူရနိုင်ကို လှမ်းကြည့်နေမိသည် ။

"သူက အရင်တုန်းက အတိုင်း ခန့်နေပါလား" လို့ စိတ်ထဲ တွေးရင်းနဲ့ ပေါ့။

အခန်းထဲက ထွက်လာတဲ့ သီဟဇော်ကို ပြုံးပြလိုက်ပြီး မင်းဇေယျာဖြိုး အခန်းထဲ ဝင်သွားလိုက်သည် ။

ဝင်သွားပြီးတော့ သူရနိုင် နားသွားကာ အင်္ကျီကို ပြင်ပေးနေရင်း

"ဘယ်လိုလဲ ပျော်နေရဲ့ သတို့ သားလောင်းကြီးရေ"

"ပျော်တာပေါ့ ကိုချစ်ရတဲ့ သူနဲ့ လက်ထပ်ရမှာ ဆိုတော့"

"အပိုတွေ ပြောနေပြန်ပြီ"

"ဟား ... ဟား ... မယုံတာလား"

"ယုံပါတယ်"

"ယုံရင် ပြီးတာပါပဲ"

"တကယ် ချစ်ခဲ့တာလား"

"တကယ်ပေါ့"

"အင်းပါ" လို့ ဇေယျာ ဖြေလိုက်ပြီး သူရနိုင်ကို မော့ကြည့် နေမိလေသည် ။

သူရနိုင်ကလည်း ဇေယျာကို ပြန်ကြည့်ရင်း နှစ်ယောက်သား အကြည့်ချင်း ဆုံနေလေသည် ။

***

လွန်ခဲ့သော ငါးနှစ်ခန့်က မင်းဇေယျာဖြိုးသည် အီလက်ထရောနစ် အင်ဂျင်နီယာကိုမှ တတိယနှစ် ပြီးခဲ့ပြီလေ။

ခု စတုတ္ထနှစ် အတွက် အတန်းတက်ရန် ပထမဆုံးနေ့ ဖြစ်သည် ။ အခန်းထဲ ဝင်လိုက်တော့ သူငယ်ချင်းတွေနဲ့ ပြန်တွေ့လိုက်ရသည် ။

တွေ့တွေ့ချင်းပဲ အချင်းအချင်း ရှေးဖြစ်နှောင်းဖြစ်တွေ ပြန်ပြော နေကြလေသည် ။ ဇေယျာစကားပြောနေရင်း လူသစ်တစ်ယောက်ကို တွေ့သလိုမျိုး ပုံစံဖြစ်သွားတယ်လေ။

ဒါနဲ့ ဘဲ ဘေးက သူငယ်ချင်းကို

"ဟေ့ အွမ် နောက်က တစ်ယောက်က အသစ်လား"

"ဟမ် ဘယ်သူတုန်း ဘယ်လိုင်းရဲ့ နောက်တုန်း"

"ငါတို့လိုင်းရဲ့ နောက်မှာ လေ၊ ဟိုမှာ ဆံပင်ကို လုန်ဖြီးထားတဲ့ တစ်ယောက်လေ"

"အော် တွေ့ပြီ တွေ့ပြီ"

"တွေ့ပြီလား အဲ့တာ ဘယ်သူတုန်း"

"ဟာ ... သူရနိုင် မလား"

"ဟင် အဲ့တာက သူရနိုင်လား"

"ဟုတ်တယ်မလား"

"အင်း ဟုတ်တယ် သေချာ ကြည့်ကြည့်လိုက်တော့ သူရနိုင်နဲ့ ဆင်တူပါပဲ"

"အော် သူရနိုင်ပါဆို ရုပ်ဆင်တယ် လုပ်နေတယ် ဒီဇေယျာကတော့"

ဘယ်သူ ထင်ထားမိမှာ လဲ အရင်တုန်းက ဆံပင်ဘုတ်တိုက် ကေလေးနဲ့ တစ်ယောက်က အခုလိုမျိုး မော်ဒယ်တွေလို လန်ပြန်အောင် ပြင်ထားမယ် ဆိုတာ ဇေယျာလည်း လှမ်းစချင်တာနဲ့ နောက်ကို လှည့်လိုက်ပြီး

"အယ် သူရနိုင်တို့ ရည်းစား ရနေတာလား သန့်လို့ ပြန့်လို့ "

ဆိုပြီး ရှေ့ကနေ နောက်ကို လှမ်းပြောလိုက်တော့ သူက တုတ်တုတ်တောင် မလုပ်ဘူး။ ဒီအတိုင်း ဇေယျာကို ပြန်ကြည့် လာပြီး ပြုံးပဲ ပြုံးပြသွားလေသည် ။

ထိုနေ့က ဆရာမတွေနဲ့ မိတ်ဆက်တာရယ် ပြီးတော့ သင်ရမယ့် ဘာသာရပ်တွေရဲ့ နာမည်ကို မိတ်ဆက်တာနဲ့ ဘဲ တစ်နေ့တာ ကုန်ဆုံး သွားလေသည် ။

အဲ့နေ့က သူရနိုင်ကိုစပြီး ညရောက်တော့ သူ့အကောင့်ကို ချက်ချင်းသွားအပ်လိုက်သည် ။ သူကတော့ ပြန်လက်ခံ လာပါတယ်။

"အော် သိလာတာ သုံးနှစ်ရှိပြီ ခုမှ ပဲ သူ့ကို သွားအပ်ပါလား" ဆိုပြီး တွေးရင် ညအိပ်လိုက်သည် ။

ကျောင်းတွေ တစ်ပတ်ပြီးတစ်ပတ် တက်နေရတာ ကျောင်းကို သွားချင်စိတ်တောင် မရှိတော့ဘူးလေ။ ဒါပေမဲ့ တစ်ရက်မှာ တော့ ဇေယျာ အိပ်ရာထ နောက်ကျလို့ ကျောင်းလာတာ နောက်ကျလေသည် ။

ဇေယျာ တစ်ယောက် ကမန်းကတန်းနဲ့ လာရတဲ့ အတွက် မနက်စာတောင် မစားခဲ့ရဘူးလေ။ ကန်တင်းသွားဖို့ အဖော်က မရှိတော့ဘူးလေ။

ဒါနဲ့ ဘဲ ကျောင်းပေါ်မှာ ရှိတဲ့ ATMစက်ဘေးက ထိုင်ခုံလေးမှာ ထိုင်နေလိုက်သည် ။

မကြာပါဘူး ဇေယျာတစ်ယောက် သူရနိုင် ကျောင်းပေါ် တက်လာနေတာကို မြင်ပြီး ပျော်သွားလေသည် ။ ဒါနဲ့ ပဲ သူရနိုင်နား အပြေးလေး သွားပြီးတော့

"ဟို ... ဟိုလေ သူရနိုင်" လို့ ခေါ်လိုက်တော့

"အင်း ပြောလေ"

"ဟို ... ဟိုလေ အကူအညီ တောင်းစရာရှိလို့ "

"အင်း"

"ငါမနက်စာ မစားခဲ့ရလို့ လေ ပြီးတော့ ကန်တင်းကိုလည်း တစ်ယောက်တည်း မဆင်းချင်တာနဲ့ လေ ... အမ်"

"အင်း ဆက်ပြောလေ"

"ငါနဲ့ အဖော် လိုက်ခဲ့ပါလား"

"အင်း လိုက်ခဲ့မယ်လေ၊ ငါလည်း အဲ့ကိုသွားမလို့ "

"ဟုတ်လား ... လာသွားမယ် ငါဗိုက်ဆာနေပြီ" ဆိုပြီး သူရနိုင် လက်လေးကို ကိုင်ပြီး ဆွဲခေါ်သွားလိုက်သည် ။

ကန်တင်းရောက်တော့

"ဦးလေးရေ ကျွန်တော့်ကို ထမင်းကြော်လုပ်ပေး"

"ဟုတ်ပြီ ကောင်လေးရေ"

"ကြက်ဥမွှေကြော်လား half friedလား"

"မွှေကြော်နဲ့ ဦးလေး"

"အေးပါ နောက်တစ်ယောက်ကရော"

"ကျွန်တော်လည်း သူ့အတိုင်းပဲ ယူမယ်ဗျ"

ကန်တင်းဆိုင်က ဦးလေးကို မှာ ပြီး စားပွဲမှာ ထိုင်လိုက်ကြသည် ။ ဇေယျာလည်း စောင့်ရင်း ပျင်းလာတာနဲ့ စကားစ ပြောလိုက်လေသည် ။

"သူရနိုင်"

"အင်း ဘာတုန်း"

"အရင်က ဘာလို့ ဒီကေ မထားတာလဲ"

"အရင်က ဒီအတိုင်းပါပဲ"

"အရင်က ဒီအတိုင်းပဲဆို ခုကရော"

"ငါကြိုက်နေတဲ့ ကောင်မလေး ဒီလိုကေနဲ့ ကောင်လေးဆို သိပ်သဘောကျလို့ တဲ့ "

"အော်" ဆိုပြီး ဇေယျာ ဝမ်းနည်းသံဖြင့် ဖြေလိုက်သည် ။

ခဏကြာ စကားမပြော ဖြစ်တော့ဘူးလေ။

"မင်းကော ရည်းစား မရှိဘူးလား" လို့ မေးလာတဲ့ အဖြေကို ဇေယျာ တစ်ယောက် အံ့သြသွားပြီး ကမန်းကတန်းဖြင့်

"မရှိပါဘူး၊ င့ါကိုကြိုက်တဲ့ သူတောင် မရှိတာကို"

"မင်းက ချစ်စရာလေးပါ၊ ကြိုက်မယ့်သူရှိမှာ ပါ"

"အင်း ကျေးဇူးပါပဲ"

"တစ်နေ့တော့ ရမှာ ပါ"

"အင်းပါ" လို့ သာ ဖြေလိုက်မိသည် ။

စကားတွေ ပြောနေကြတုန်း ဦးလေးက ထမင်းပန်ကန် လာချပေးလေသည် ။ ထို့နောက် ဇေယျာတစ်ယောက် လူတစ်ယောက်ကို ကြည်နူးစွာ စိုက်ကြည့်နေမိလေသည် ။

***